

ဗမာပြည် ကွန်မြူနစ် ပါတီ

# အတက် နှင့် အကျ

မင်းဇောင်မင်း

# THE RISE AND FALL OF

## THE COMMUNIST PARTY OF BURMA (CPB)

BERTIL LINTER

## ဘာသာပြန်ဆိုသူ၏ အမှာ



နှစ် ၃၀ ပြည့် တော်လှန်ရေးနေ့ အခမ်းအနား
၁၉၇၉ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၊ ပန်ဆန်း
(ဝဲမှယာ ရဲဘော်တင်ရီ၊ ဗိုလ်မျိုးမြင့်၊ သခင်ဖေတင့်၊ သခင်ဗသိန်းတင်

ယခုစာအုပ်မှာ မြန်မာ့နိုင်ငံရေးအကြောင်းအရာတို့ ကို ဖော်ပြရာတွင် လိုအပ်နေသော ကွပ်လပ်တစ်ခုကို စာရေးသူ ဘာတေးလစ်တနာက ဖြည့်ဆည်းနိုင်ရန် ကြိုးစားထားခြင်းဖြစ်သည် ။ သူက မြန်မာ့နိုင်ငံရေးဖြစ်ပေါ်မှုကို အစဉ်တစိုက် လေ့လာနေသူဖြစ်၍ သူ၏ စာအုပ်ကို ပြန်ဆို

သော အခါ အထူးဂရုပြုရပါသည် ။ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ကွန်မြူနစ်ဝါဒဖြစ်ပေါ်မှု၊ ယင်းဝါဒကို လက်ခံယုံကြည်ခဲ့သူတို့ ၏ အခန်းကဏ္ဍသည် လည်း အရေးပါသည် ။ ထိုသူတို့ မှာ အမျိုးသားလွတ်မြောက်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးဆိုသော သမိုင်းရေးဖြစ်ပေါ်ပြောင်းလဲမှုတို့ တွင် ရှေ့တန်းမှ ပါဝင်ခဲ့ကြသူများ ဖြစ်သည် ။ နိုင်ငံရေးအရ လမ်းစဉ်၊ အယူဝါဒကွဲလွဲခြင်းကို အကြောင်းပြု၍ မြေပေါ်တွင် ရှိသော အတိုက်အခံဘဝမှ လက်နက်ကိုင်လမ်းစဉ်အထိ ပြောင်းလဲသွားသော အခါ တစ်ချိန်က လွတ်လပ်ရေးတိုက်ပွဲကို အတူတကွ ကြိုးပမ်းခဲ့သူများ ပြန်လည် မျက်နှာချင်းဆိုင် တိုက်ခဲ့ရသည် ။

တဖက်နှင့် တဖက် သူ့ကြောင့် ငါ့ကြောင့်ဆို၍ ဝေဖန်ကြသည် ။ ကွန်မြူနစ်တို့ အပေါ် ဝေဖန်ခဲ့ ပြစ်တင်ခဲ့ကြသည် မှာ ဗိုလ်ချုပ်အောင်ဆန်းမှ အစ နဝတ အထိ အဆုံးဖြစ်သည် ။ ယခုစာအုပ်သည် လည်း အလားတူပင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်တော်လှန်ရေးအတွက်မှ ဖြစ်ရပ်များ ၊ လမ်းစဉ်များ လက်တွေ့ရင်ဆိုင်ရသည် များကို ဖော်ပြခြင်းနှင့် အတူ ကောက်ချက်များကိုလည်း တွေ့ရသည် ။

စာရေးသူ ဘာတေးက ဗမာပြည်ကွန်မြူနစ်ပါတီသည် မြေပေါ်အခြေအနေများ နှင့် အဆက်ပြတ်ခဲ့ပြီး လူထုအတွင်း ဩဇာလွှမ်းမိုးမှု မရှိတော့ခြင်းကို ထောက်ပြခဲ့သလို ယင်းမှ ကျေးလက်ကို အခြေပြုပြီး မြို့ပြကို ဝိုင်းရံဟူသော "မော်" ၏ အယူအဆကြောင့် ဟူသည် ကိုလည်း ကောက်ချက်ချ ဝေဖန်ထားသည် ။ ယင်းအပေါ်ကို လက်မခံသူတို့ မှာ ထိုခေတ်ကာလအခြေအနေတို့ ကို မသိရှိ၍ ဖြစ်သည် ။ ဗမာပြည်ကွန်မြူနစ်ပါတီမှာ ပဲခူးရိုးမတွင် စစ်ရေးအရ ပြောလွှားနေရသော အဆင့်သာ ရှိရာမှ ထိုလမ်းစဉ်ဖြင့်သာ အရှေ့မြောက်ဒေသကို အခြေခံ၍ စစ်ရေးခြေကုပ် ပြန်ရခဲ့ခြင်းဖြစ်သည် ။ နောက်ပိုင်း အောင်မြ

င်မှုများ မရရှိခြင်းမှာ သီးခြား ကိစ္စသာဖြစ်သည် ။

နောက်ထပ် အကြောင်းအရာတစ်ခုမှာ မောစီတုန်း၏ အရည်အချင်းကို ယုံကြည်လေးစားမှုဖြစ်သည် ။ တစ်ဦးချင်းစီး၏ စစ်သေနင်္ဂဗျူဟာဖြင့် ကူမင်တန်တို့ ကို အနိုင်ယူနိုင်ခဲ့သော စစ်ရေးနှင့် နိုင်ငံရေးလမ်းစဉ် ချမှတ်ခဲ့ပုံတို့ သည် ထိုအချိန်က ဖြစ်ပေါ်ပြီးစ တရုတ်နိုင်ငံ လက်တွေ့ အခြေအနေများ ပင် ဖြစ်၍ လက်ခံခဲ့၊ ကျင့်သုံးကြမည်မှာ ဓမ္မတာပင်ဖြစ်သည် ။

ယခုစာအုပ်သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးအရှိန်အဟုန်တစ်ရပ်ဖြင့် ထင်ရှားလာမှု၊ နောက်ပိုင်း ရှုံးနိမ့်မှုတို့ ကို မြင်နိုင်ရန် တင်ပြထားခြင်းဖြစ်၍ မူရင်း စာအုပ်မှ ကိုယ်ရေးအကျဉ်းများ နှင့် ၁၉၈၉ ပုန်ကန်မှု မတိုင်မီ စစ်ဒေသတို့ ၏ နောက်ခံအကြောင်းဆိုသော အခန်းနှစ်ခုကို ချန်လှပ်ကာ ပြန်ဆိုဖော်ပြအပ်ပါသည် ။ ထိုအခန်းနှစ်ခန်းမှာ မှတ်တမ်း သဘောဆန်နေခြင်းနှင့် လက်ရှိပြောင်းလဲမှုများ မဆိုင်လှသဖြင့် စာဖတ်သူများ အနေဖြင့် ရှင်းလင်းစွာ ဖတ်ရှုနိုင်ရန် ရည်ရွယ်ရင်းဖြစ်သည် ။

**မင်းအောင်မင်း**

* * *